# THAILAND

4 – 23 October 2018

## MEDIA MONITORING REPORT # 192

## ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

**အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးကျင်းပ**

The Global New Light of Myanmar, 16 October 2018

နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရွှေအိမ်စံဟိုတယ်၌ ကျင်းပရာ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။



သီးသန့်အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်( ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး( ငြိမ်း) ခင်ဇော်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်စိုး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ အစိုးရနှင့် တပ်မတော်တို့မှ တာဝန်ရှိသူများ၊ ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဦးယွက်ဆစ်၊ အတွင်းရေးမှူးဦးစိုင်းငင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) နာယက ခွန်ဥက္ကာ၊ ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ ချင်းအမျိုးသားတပ်ဦး(CNF)ဥက္ကဋ္ဌလျန်မှုန်းဆာခေါင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ ဗဟိုကော်မတီဝင် စောမြရာဇာလင်း ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲ၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ဥက္ကဋ္ဌ စောမိုရှေး၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) အတွင်းရေးမှူး ဒေါက်တာ နော်ကပေါ်ထူး၊ မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ၊ ဗဟိုကော်မတီဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)ဥက္ကဋ္ဌ ကြာခွန်ဆာ၊ အတွင်းရေးမှူး ကြာဆော်လမွန်၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညမွန်းလွဲပိုင်းတွင် နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ အကျိုးဆောင်များအဖြစ် ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး ဒုတိယဉကကဋ္ဌ ပဒိုစောကွယ်ထူးဝင်းနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့က ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ၂၀၁၈ ခုနှစ်တွင် ၂၁ ရာစုပင်လုံ ညီလာခံ ( ၁) ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် ပင်လုံညီလာခံ( ၂) ကြိမ် ကျင်းပမည်ဖြစ်ပြီး ယင်းပင်လုံညီလာခံ( ၃) ကြိမ်မှ ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများ ရရှိအောင် ဆောင်ရွက်မည့် အချိန်ဇယားနှင့် လုပ်ငန်းအစီအစဉ်များ၊ လက်ရှိ နိုင်ငံရေး ဆွေးနွေးမှုပုံစံကို ပိုမိုရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ရေး ကိစ္စရပ်များ၊ နိုင်ငံရေးဆွေးနွေးမှုတွင် ခေါင်းဆောင်များ အကြားသဘောတူညီချက် ရရှိ

ပြီး ဆက်လက်ဆောင်ရွက်မည့် ပုံစံကျင့်သုံးရမည့် ကိစ္စရပ်များ၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ပါဝင်အောင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။



အစည်းအဝေးကို အောက်တိုဘာ ၁၆ ရက်နေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နိုင်ငံရေးဆွေးနွေးပွဲများတွင် သဘောတူညီချက်ရရှိရန် လိုအပ်သည့် ကိစ္စရပ်များဖြစ်သည့် ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ခွဲမထွက်ရကိစ္စ၊ တစ်ခုတည်းသော တပ်မတော်ထားရှိရေးမှု ချမှတ်ရေး ကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။

Link: http://www.globalnewlightofmyanmar.com/union-govt-nca-signatory-eaos-hold-special-meeting/

## နှစ် ၇၀ ပြည့် ကရင်တော်လှန်ရေးနေ့ကို ကရင်လက်နက်ကိုင်အဖွဲ့များ စုပေါင်းကျင်းပမည်

Karen Information Center, 10 October 2018

လာမည့်နှစ် ဇန်နဝါရီလ ၃၁ရက်နေ့တွင် ကျရောက်သည့် ၇၀ နှစ်ပြည့် ကရင်အမျိုးသား တော်လှန်ရေးနေ့ အခမ်းအနားကို ကရင်လက်နက်ကိုင်အဖွဲ့အစည်း ၄ ဖွဲ့မှ စစ်ရေးပြအခမ်းအနားဖြင့် စုပေါင်းကျင်းပသွားမည်ဟု တာဝန်ရှိသူများက ကေအိုင်စီသို့ ပြောသည်။



ကေအဲန်ယူ တပ်မဟာ (၇) ဌာနချုပ်၌ အောက်တိုဘာ ၈ ရက်နေ့က ပြုလုပ်သည့် ကရင်လက်နက်ကိုင်များ ပြန်လည်စည်းလုံးညီညွတ်ရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်လာသော ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)၊ ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA_PC)နှင့် ကရင်နယ်ခြားစောင့်တပ်(BGF)တို့ ထိပ်သီးခေါင်းဆောင်များက ထိုသို့ သဘောထား ရရှိခဲ့ခြင်းဖြစ်သည်။

ကေအဲန်ယူ၏ တွဲဖက်အတွင်းရေးမှူး (၂) ပဒိုစောလှထွန်းက "ကျနော်တို့ လုပ်ချင်တယ်။ သဘောထားတွေ ရှိတယ်ပေါ့နော်။ နှစ် ၇၀ပြည့် ကရင့်တော်လှန်ရေးနေ့ အခမ်းအနားကို ကျနော်တို့ ကရင့်လက်နက်ကိုင် အားလုံးတွေ စုစုစည်းစည်း၊ စည်းစည်းလုံးလုံးနဲ့ စုပေါင်းပြီးတော့ ကျင်းပမယ်ပေါ့။ ဒီမှာက သက်ဆိုင်ရာ တပ်မဟာအလိုက် စစ်ကြောင်းတွေပေါ့၊ အခြားသော လက်နက်ကိုင်အဖွဲ့ စစ်ကြောင်းတွေ ပါဝင်ဖို့ပေါ့ "ဟု ကေအိုင်စီသို့ ပြောသည်

၇၀ နှစ်ပြည့် ကရင့်အမျိုးသားတော်လှန်ရေးနေ့ အခမ်းအနားကို ကေအဲန်ယူဌာနချုပ်တွင် စုပေါင်း ကျင်းပရန် လျာထားပြီး အခမ်းအနား ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီထံသို့ တင်ပြထားပြီးဖြစ်သလို ပွဲဖြစ်မြောက်ရေးကော်မတီများ အဆင့်ဆင့်ကိုလည်း ထပ်မံ ဖွဲ့စည်းသွားမည်ဟု ပဒိုစောလှထွန်းက ဆက်ပြောသည်။

DKBA ဒုစစ်ဦးစီးချုပ်ဖြစ်သူ ဒုဗိုလ်ချုပ်ကြီး စောစတီးလ်က " တစ်ဖွဲ့ကို အယောက် ၄၀ ပါဝင်ဖို့ ပြောဆိုထားတာရှိတယ်ပေါ့နော်။ ကျနော်တို့ဘက်ကတော့ ဘာပြဿနာမှမရှိပါဘူး။ အယောက် ၄၀ မက၊ အယောက် ၄၀၀ တောင်းရင်လည်း ပူးပေါင်းဖို့ အသင့်ပါပဲ။ ဘာကြောင့်လဲဆိုတော့ အခုက ကျနော်တို့ DKBA နေ့အတွက် ကျင်းပဖို့ ပြင်ထားတဲ့ တပ်အင်အားက အလုံအလောက်ရှိပြီးသားလေ " ဟု ပြောသည်။

တစ်ရက်တာ ကျင်းပခဲ့သည့် ကရင်လက်နက်ကိုင်များ ပြန်လည်စည်းလုံးရေးကော်မတီ အစည်းအဝေးတွင် KNLA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောဂျော်နီ၊ ကရင်နယ်ခြားစောင့်တပ် အတွင်းရေးမှူး ဗိုလ်မှူးကြီး စောချစ်သူ အပါအဝင် DKBA၊ KNU/KNLA- PC အဖွဲ့တို့မှ ထိပ်သီးခေါင်းဆောင်များနှင့် ၎င်းကော်မတီ၏ ကော်မတီဝင် အသီးသီးတို့က တက်ရောက်ခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် ကရင်အမျိုးသားများ ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေးအတွက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ နိုင်ငံရေးအရ ကြိုးပမ်းလုပ်ဆောင်မှုကို လိုက်နာပံ့ပိုးကူညီသွားရန်၊ ကရင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးအတွက် အဖွဲ့အားလုံး ပူးပေါင်းလုပ်ဆောင်ရန်၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားဝိုင်းများ ပပျောက်ရေးအတွက် အစီအစဉ်တကျ ချမှတ်လုပ်

ဆောင်သွားရန်နှင့် သစ်တောခုတ် ထုတ်လုပ်ရောင်းချမှုများကို အပြီးသတ်ပိတ်သိမ်းရန် စသည့်သဘောတူညီချက်များ ရရှိခဲ့သည်ဟု သိရသည်။

ယင်းနောက် ကွဲပြားနေသည့် ကရင်လက်နက်ကိုင်အဖွဲ့များ ပြန်လည်စည်းလုံးရေးကို ရည်ရွယ်၍ ကရင်လက်နက်ကိုင်အဖွဲ့များ စည်းလုံးညီညွတ်ရေးကော်မတီကို ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် KNU/KNLA-PC ဌာနချုပ်ရှိရာ ထို့ကော်ကိုး၌ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ကရင့်အမျိုးသားတော်လှန်ရေးနေ့အခမ်းအနားကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ နှစ်ပေါင်း ၇၀နီးပါးကြာ နှစ်စဉ်ကျင်းပလာခဲ့သော်လည်း ၁၉၉၄ ခုနှစ်မှစ၍ ယခုအချိန်ထိ ကရင်လက်နက်ကိုင်အဖွဲ့များအနေဖြင့် ပထမဆုံး စုပေါင်းကျင်းပရန် စီစဉ်လာခြင်းဖြစ်သည်။

Link: https://www.bnionline.net/en/news/karen-armed-organizations-hold-joint-commemoration-70th-karen-resistance-day

## <u>လက်မှတ်မထိုးရသေးသော အဖွဲ့များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်သည့် အခင်းအကျင်း ဖန်တီးပေးနိုင်မှသာ မျှော်မှန်းထားသော အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံတော်ကို အားလုံးပါဝင်မှုဖြင့် တည်ဆောက်နိုင်မည်ဟု KNU ပြောကြား</u>

Eleven Myanmar, 8 October 2018

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်သည့် အခင်းအကျင်း ဖန်တီးပေးနိုင်မှသာ အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ မျှော်မှန်းထားသော အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ကို အားလုံးပါဝင်မှုဖြင့် တည်ဆောက်နိုင်မည်ဟု ကရင်အမျိုးသားအစည်းအရုံး(KNU) က ပြောကြားသည်။

NCA တွင် နှစ်ဖက်သဘောတူညီခဲ့ကြသည့် အနာဂတ်ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရန်အတွက် နိုင်ငံရေး၊ ဆွေးနွေးပွဲများ၏ ရလဒ်နှင့်အညီ တည်ဆောက်ရန်ဖြစ်သောကြောင့် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးအတွက် ဘုံရည်မှန်းချက်၊ ဘုံစံတန်ဖိုးများကို နှစ်ဖက်သဘောတူ ချမှတ်နိုင်ရေးအတွက် ညှိနှိုင်းမည့် မူ ချမှတ်ရန်လိုအပ်သည်ဟု KNU က ၎င်းတို့၏ သတင်းထုတ်ပြန်ချက်တွင် ထောက်ပြထားသည်။



လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ တစ်ဆို့မှုများသည် တစ်ခုတည်းသော တပ်မတော်ကို လက်ခံရန် တောင်းဆိုသည့် ကိစ္စ၊ ပြည်ထောင်စုမှ ခွဲမထွက်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စများဖြစ်ကြသည်။ ထိုအကြောင်းကိစ္စများကို အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် EAOs ထိပ်သီးအစည်းအဝေးတွင် တင်ပြညှိနှိုင်းရန် K N U ၏ အမြဲတမ်းကော်မတီ အရေးပေါ်အစည်းအဝေးက ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် ဒီမိုကရေစီဖက်ဒရယ် အခြေခံမူများရရှိရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံကို သုံးကြိမ်ပြုလုပ်ပြီး ရရှိနိုင်ရန် ကြိုးပမ်းမှုများသည် အထက်ပါ တစ်ဆို့မှုများအား ညှိနှိုင်းဖြေရှင်းနိုင်ရေးအပေါ် မူတည်နေသည်ဟု ယုံကြည်ကြောင်းလည်း KNU က သတင်းထုတ်ပြန်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ အစည်းအဝေးများကို လာမည့် ၂၀၁၉ ခုနှစ်တွင် သုံးကြိမ်ပြုလုပ်၍ ဒီမိုကရေစီဖက်ဒရယ်ဆိုင်ရာ အခြေခံမူများ ရရှိအောင် ဆောင်ရွက်သွားမည်ဟု အစိုးရဘက်က အသိပေးပြောကြားထားသည်။

ကေအဲန်ယူအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစိုက်မတ်မတ် အားသွန်ခွန်စိုက်ပါဝင်လာခဲ့ရာ လက်ရှိတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်နှင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် တစ်ဆို့မှုများ ဖြစ်ပေါ်နေသည့်အတွက် အဆိုပါတစ်ဆို့မှုများကို ကျော်လွှားနိုင်ရန် မကြာမီပြုလုပ်မည့် ထိပ်သီးအစည်းအဝေးနှင့် ပတ်သက်၍ ယခုသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ခြင်းလည်း ဖြစ်သည်။

အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ဝ လက်နက်ကိုင်အဖွဲ့၊ ကချင်လက်နက်ကိုင်အဖွဲ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ ၊ မိုင်းလားအဖွဲ့ ၊ တအန်းလက်နက်ကိုင်အဖွဲ့ ၊ ရခိုင်လက်နက်ကိုင်အဖွဲ့ ၊ ကိုးကန့်လက်နက်ကိုင်အဖွဲ့ စ

သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာမူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်ရေးအတွက် အလျဉ်းသင့်သလို ညှိနှိုင်းဆွေးနွေးနေဆဲဖြစ်သည်။

Link: http://www.elevenmyanmar.com/politics/15394

**UNA ခေါင်းဆောင်များမှ ဖက်ဒရယ်ဖွဲ့စည်းပုံအတွက် အရေးပါသည့်အချက်များကို ဆွေးနွေး**

Eleven Myanmar, 4 October 2018

ညီညွတ်သောတိုင်းရင်းသားလူမျိုးစုများမဟာမိတ်အဖွဲ့(UNA) မှ အဖွဲ့ဝင်ခေါင်းဆောင်များသည် ရန်ကုန်တွင် သုံးရက်တာကျင်းပသည့် ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်ဆင်ပါက ဖက်ဒရယ်ဖွဲ့စည်းပုံမူများ မည်သို့ပေါင်းစည်းရမည်ဆိုသည့်အပေါ် ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ဦးစွာ ဖက်ဒရယ်ပြည်ထောင်စုမူကြမ်းကို ရန်ကုန်ရှိ တော်ဝင်ရွှေ ၉ မိုင်ဟိုတယ်တွင် အောက်တိုဘာ ၁ ရက်မှ ၃ရက်နေ့အထိ ဆွေးနွေးခဲ့ကြပြီး UNA အဖွဲ့ဝင်ခေါင်းဆောင် ၃၇ ဦးတက်ရောက်ခဲ့သည်။

"ဖွဲ့စည်းပုံကို ပြင်မယ်ဆိုရင် ဖက်ဒရယ်အတွက်မူတွေက အရမ်းကို အရေးကြီးပါတယ်။ ဖက်ဒရယ်နဲ့အညီရေးဆွဲတားတဲ့ ဖွဲ့စည်းပုံလည်းဖြစ်ရပါမယ်။ ဖွဲ့စည်းပုံမှာ ထည့်သွင်းတဲ့ ဖက်ဒရယ်မူတွေအကြောင်းကို ကျွန်တော်တို့ဆွေးနွေးနေပါတယ်" ဟု SNLD မှ ထွေထွေအတွင်းရေးမှူး- ၂ ဖြစ်သူ ကျော်ညွန့်က ပြောသည်။

ဖက်ဒရယ်ဝါဒများအပြင် နိုင်ငံအတွက် အရေးပါသည့် ကိစ္စရပ်များကို ဆွေးနွေးပြီးနောက် မူနှင့် ဝါဒများကို UNA ဆက်လက်ရေးဆွဲသွားရန် စီစဉ်နေသည်။

UNA သည် ၎င်း၏အဖွဲ့ဝင် နိုင်ငံရေးပါတီများရှိရာ ပြည်နယ်များသို့ သွားရောက်မည်ဖြစ်ပြီး ဖက်ဒရယ်မူအပြင် ၎င်းတို့၏ရပ်တည်ချက်နှင့်သဘောထားများကို ဒေသခံများနှင့် ဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်သည်။

"ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ရှေ့ဆက်ပြီး ထောင့်ပေါင်းစုံကနေ ပါဝင်လုပ်ဆောင်နေပါတယ်။ တချို့ UNA အဖွဲ့ဝင်တွေက နိုင်ငံရေးပါတီတွေ ရှိပါတယ်။ သက်ဆိုင်ရာနိုင်ငံရေးပါတီတွေက UNA ရဲ့ သဘောထားတွေကို ဆက်လက်လုပ်ဆောင်ပါမယ်။ တိုင်းရင်းသားတွေကလည်း UNA ရဲ့ ရပ်တည်ချက်နဲ့ ဖက်ဒရယ်ဆိုင်ရာဖွဲ့စည်းပုံမှာ ပါဝင်တယ်ဆိုတာကို သိကြပါတယ်။"

UNA ကို SNLD၊ ALD၊ MNP ၊ ZCD ၊ KNC ၊ KNP ၊ SSKDP ၊ KNP ၊ APP ၊ MNDP ၊ ၊ DNDP ၊ KNP ၊ CLDP ၊ CPP နှင့် SNSP တို့ဖြင့် ဖွဲ့စည်းထားသည်။

Link: http://www.elevenmyanmar.com/politics/15352

**JMC အကောင်အထည်ဖော်ဆောင်မှု ထိရောက်မှသာ မြန်မာ့ငြိမ်းချမ်းရေး အောင်မြင်နိုင်မည်ဟုဆို**

Mon News Agency, 3 October 2018

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု ထိရောက်မှသာ မြန်မာ့ငြိမ်းချမ်းရေး အောင်မြင်နိုင်လိမ့်မည်ယူဆကြောင်း နီပေါနိုင်ငံငြိမ်းချမ်းရေးလေ့လာရေးခရီးစဉ်သို့ လိုက်ပါလျက်ရှိသော မွန်ပြည်သစ်ပါတီဗဟို စစ်ဘက်ရေးရာတာဝန်ခံ မွန်အမျိုးသား လွတ်မြောက်ရေးတပ်မတော် MNLA စစ်ဦးစီးချုပ် ဗိုလ်ချုပ် လယီကောင်းက ပြောသည်။



JMC-U အဖွဲ့ဝင် ဗိုလ်ချုပ်လယီကောင်းက “လက်ရှိ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို အများသိနေကြတဲ့အတိုင်း ပါပဲ၊ ၂၁ ရာစုပင်လုံဟာ ရှေ့ဆက်သွားလို့မရသလိုဖြစ်နေပြီ၊ တစ်ဆို့မှုတွေကလည်း ကြာခဲ့ပြီ၊ JMC အနေနဲ့ လုပ်ငန်း အကောင်အထည်ဖော်မှု အားနည်းခဲ့တာရှိတယ်၊ ဘာ ကြောင့်လဲဆိုတော့ NCA လက်မှတ်ထိုးပြီးဒေသတွေမှာ သေနတ်သံမစဲသေးဘူး၊ ရှမ်းနဲ့ ကရင်တွေမှာ အစိုးရတပ်နဲ့ ထိတွေ့ပစ်ခတ်မှုတွေ ရှိနေတယ်” ဟု မွန်သတင်းအေဂျင် စီသို့ ပြောကြားသည်။

နော်ဝေးသံရုံး၏ စီစဉ်မှုဖြင့် ပြည်ထောင်စုအဆင့် (JMC-U) ဥက္ကဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော

□၁၅□ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ငြိမ်းချမ်းရေးဖြစ်စဉ် ၇ ရက် ကြာလေ့လာရန်အတွက် နီပေါနိုင်ငံသို့ အောက်တိုဘာ ၁ ရက်နေ့က စတင် ရောက်ရှိနေခြင်း ဖြစ်သည်။

" နီပေါငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ကျနော်တို့နိုင်ငံနဲ့ မတူပေမယ့်လည်း အတုယူစရာတွေအများကြီး ရှိပါတယ်၊ ဒါပေမယ့် သူများငြိမ်းချမ်းရေးဖြစ်စဉ်တွေကို ပုံတူကူးချပြီး ကျနော်တို့ဆီမှာ လာတည်ဆောက်လို့ မရနိုင်ပါဘူး၊ ကျနော်တို့နိုင်ငံ ငြိမ်းချမ်းရေး အောင်မြင်ဖို့ဆိုတာ တပ်မတော်အပါအဝင်အစိုးရနဲ့ ကျနော်တို့တိုင်းရင်းသားလက်နက်ကိုင်တွေ နှစ်ဖက်စလုံး ကျနော်တို့ အစွမ်းအစ၊ ကျနော်တို့ပုံစံနဲ့ပဲ တည်ဆောက်သွားရမှာ ဖြစ်တယ်" ဟု ဗိုလ်ချုပ်လယ်ဂီကောင်းက ဆက်ပြောသည်။

ထို့အပြင် အလုပ်ရုံဆွေးနွေးပွဲများမှ တွေ့ရှိချက်များအရ လက်နက်ဖြုတ်သိမ်းရေးနှင့် တပ်ဖျက်သိမ်းရေး DDR ကို အစိုးရတပ်ရောသူပုန်တပ်ဘက်ကပါ နှစ်ဖက်စလုံးဆောင်ရွက်ခဲ့ကြသည်ကို လေ့လာတွေ့ရှိခဲ့ရကြောင်း၊ လက်ရှိကမ္ဘာ့နိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး SSR သာ တွေ့ရှိရကြောင်း၊ လက်ရှိ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် NCA တွင် အချိန်ကန့်သတ်ချက်များ မပါရှိသည်မှာ အားနည်းချက်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါ ငြိမ်းချမ်းရေး လေ့လာရေးခရီးစဉ်တွင် နီပေါနိုင်ငံ ဒုတိယသမ္မတ၊ နိုင်ငံခြားရေးဝန်ကြီး၊ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ နီပေါနိုင်ငံ၏ ငြိမ်းချမ်းရေး ကြိုးပမ်းမှု ကာလအတွင်း ပါဝင်ခဲ့သူများနှင့် ယမန်နေ့တွင် တွေ့ဆုံခဲ့ပြီး ၎င်းတို့၏အတွေ့အကြုံများကို ရှင်းပြခဲ့သည်ဟု သိရသည်။

ခရီးစဉ်တွင် JMC-U ဥက္ကဋ္ဌ အပါအဝင် ဒုတိယဥက္ကဋ္ဌ၊ JMC-U အဖွဲ့ဝင်များဖြစ်ကြသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ သိက္ခာတော်ရ ဆရာတော် စောမက်သယူးအေးတို့ အပါအဝင် စုစုပေါင်း ကိုယ်စားလှယ်အဖွဲ့ဝင် □၁၅□ ဦး လိုက်ပါသွားခဲ့သည်ဟု Joint Ceasefire Monitoring Committee Facebook စာမျက်နှာတွင် သတင်းဖော်ပြသည်။

အလားတူ လွန်ခဲ့သည့် ဩဂုတ် ၂၄ မှ ၃၀ ရက်အထိ နော်ဝေးနိုင်ငံ ငြိမ်းချမ်းရေးလေ့လာရေးခရီးစဉ်တွင် JMC-U ကိုယ်စားလှယ်အဖွဲ့နှင့် နည်းပညာအထောက်အကူပြု ရုံးဝန်ထမ်းများ အပါအဝင် ၁၈ ဦးလိုက်ပါခဲ့ကြောင်း JMC က သတင်းထုတ်ပြန်ခဲ့သည်။

Link: http://monnews.org/2018/10/04/myanmars-peace-can-only-be-successful-when-jmcs-implementation-is-effective/

## မြေနှင့်ပစ္စည်းဥစ္စာ

**အစိုးရထံ ပြည်သူများ၏ တိုင်ကြားစာများထဲတွင် မြေယာပြဿနာ အများဆုံးဖြစ်နေ**

Karen Information Center, 15 October 2018

ကရင်ပြည်နယ်၊ အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များနှင့် တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေး ကော်မတီသို့ ယခုနှစ် ပြည်သူများမှ တိုင်ကြားသည့် ကိစ္စများထဲတွင် မြေယာကိစ္စမှာ အများဆုံးဖြစ်ပြီး ၉၉ ရာခိုင်နှုန်းရှိသည်ဟု စိစစ်ရေး ကော်မတီဥက္ကဋ္ဌဖြစ်သူ ဦးစောလှမြင့်က ကေအိုင်စီသို့ ပြောသည်။



" လယ်မြေကတော့ ၉၉ ရာခိုင်နှုန်းလောက်ရှိတယ်။ တလကို မရှိဘူးဆိုရင် အနည်းဆုံး ၅ မှ ၁၀ မှ ကြားလောက် ဝင်လာတယ်။ တိုင်စာတွေဟာ။ ကျန်တာတွေကတော့ တစ်ခု၊ နှစ်ခု လောက်ပဲရှိမယ်" ဟု စိစစ်ရေး ကော်မတီဥက္ကဋ္ဌ စောလှမြင့်က အောက်တိုဘာ ၁၂ ရက်နေ့တွင် ကေအိုင်စီသို့ သီးသန့် ပြောဆိုသည်။

မြေယာကိစ္စများတွင် တပ်နှင့် ဖြစ်ပွားသည့်ကိစ္စများ၊ အစိုးရ ဌာနဆိုင်ရာနှင့် ဖြစ်ပွားသည့်ကိစ္စများ၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဖြစ်ပွားသည့်ကိစ္စများ၊ ကုမ္ပဏီများနှင့် ဖြစ်ပွား သည့်ကိစ္စများတို့ ပါဝင်ကြောင်း သိရသည်။

အဆိုပါ ကော်မတီသည် အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များလုပ်ဆောင်ပေးရသည့်အပြင် လူထုများ၏ တိုင်ကြားလာသည့် စာအပေါ်မူတည်၍ ခေါ်ကြားနာစစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ တွေ့ရှိအကြံပြု သုံးသပ်ချက်များကို အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးခြင်းများကို ဆောင်ရွက်ရကြောင်း သိရသည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း တိုင်ကြားစာ စုစုပေါင်း ၉၉ စောင်ရှိခဲ့ပြီး ထိုအထဲတွင် ဆောင်ရွက် ပြီးစီးမှု ၄ စောင်၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းသို့ လွှဲပြောင်းပေးပို့သည့်တိုင်ကြားစာ ၈ စောင်နှင့် ဆောင်ရွက်ဆဲ (၈၇) စောင်ရှိကြောင်း တိုင်ကြားစာကော်မတီထံမှ သိရသည်။

ပြည်သူလူထုများ၏ ခံစားချက်၊ ထိခိုက်နစ်နာချက်များကို ဖြေရှင်းဆောင်ရွက်ပေးလိုသည့် ရည်ရွယ်ချက်များဖြင့် အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များနှင့် တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေး ကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

Link: https://www.bnionline.net/en/news/ninety-nine-percent-complaints-karen-state-govt-are-land-issues

## ရခိုင်ပြည်နယ်ရှိ တပ်သိမ်းမြေ ဧက ၃၀၀ ကျော်ကို ပြန်ပေး

The Irrawaddy, 15 October 2018

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်တွင် တပ်ရိက္ခာဖူလုံရေး အကြောင်းပြချက်ဖြင့် သိမ်းယူထားသည့် မြေဧက ၃၀၀□၁၈ ဧကကို မူလပိုင်ရှင် များထံသို့ နိုင်ငံတော် အစိုးရမှ တဆင့် တပ်မတော်က ပြန်လည် ပေးအပ်လိုက်ပြီ ဖြစ်ကြောင်း သတင်းရရှိသည်။



အမ်းမြို့နယ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး က “တပ်ကနေပြီးတော့ ဧက ၃၀၀□၁၈ ဧကကို နိုင်ငံတော်ကို ပြန်စွန့်လွှတ်တယ်။ နိုင်ငံတော်ကနေပြီးတော့ မူလပိုင်ရှင်တွေ ဆီကို ယာယီ လုပ်ပိုင်ခွင့် လက်မှတ်တွေ ပြန်အပ်ပေးခဲ့တယ်။ အခု အမ်းမှာ တပ်က မြေတွေ ပြန်ပေးတာ ဧက ၅၀၀ ကျော် လောက် ရှိနေပြီ။ ပုံစံ ၃ ယာယီ လုပ်ပိုင်ခွင့် လက်မှတ်တွေ ထုတ် ပေးတာပေါ့” ဟု ဧရာဝတီသို့ ပြောသည်။

လယ်ယာမြေ ဥပဒေအရ မြေသိမ်းဆည်းခံရသူများသည် ၎င်းတို့၏ မြေများကို ပြန်လည် ရရှိပါက ချက်ချင်း ပိုင်ဆိုင်ခွင့် အထောက်အထားဖြစ်သည့် ပုံစံ ၇ ရရှိခြင်း မရှိဘဲ ယာယီ လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ ၃ သာ အရင် ရရှိကြောင်း၊ ယခင်ကိစ္စရပ်များ ရှင်းပြီး မြေရာဇဝင်များနှင့် မြေပိုင်ဆိုင်မှု အထောက်အထားများ ဆက်လက် တင်ပြနိုင်ပါက ပုံစံ ၇ ဆက်လက် ရရှိပြီး အစိုးရဈေးငွေလည်း ရရှိလေ့ရှိကြောင်း လွှတ်တော် ကိုယ်စားလှယ်များထံမှ သိရသည်။

အမှတ် ၃၇၃ ခြေမြန် တပ်ရင်းက စွန့်လွှတ်လိုက်သည့် မြေနေရာများသည် လယ်မြေအဖြစ် ချက်ချင်းလုပ်ကိုင်ဆောင်ရွက်၍ မရနိုင်သေးဘဲ ဒီရေရောက် နေရာများ မဖြစ်စေရန် မြေဖို့ခြင်း၊ ဆည်တာတမံ ပြန်လုပ်ခြင်းများဖြင့် ပြုပြင်ရဦးမည် ဖြစ်ကြောင်း၊ တပ်မတော်က သိမ်းယူထားစဉ်က ငါး၊ ပုဇွန်များ မွေးမြူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေးက ပြောသည်။

သမ္မတ ဦးဝင်းမြင့်ကမူ သိမ်းဆည်းခံထားရသည့် လယ်ယာမြေနှင့် အခြားမြေများ ကိစ္စများကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ မတိုင်မီ အပြီးစစ်ဆေးရန် တနိုင်ငံလုံးရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်များကို လမ်းညွှန်ချက် ပေးပို့၍ ညွှန်ကြားထားကြောင်း ဧရာဝတီတိုင်း ဝန်ကြီးချုပ်က နေပြည်တော်၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောဆိုထားသည်။

သို့သော် ယခုလို စစ်ဆေးရာတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း သိမ်းယူခဲ့သည့်မြေယာကိစ္စများကိုသာ စစ်ဆေးသွားမည်ဖြစ်ပြီး ၁၉၈၈ ခုနှစ် ရှေ့ပိုင်းကာလက မြေသိမ်းမှုများ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က တာဝန်ကျေစပါး မသွင်းနိုင်၍ နိုင်ငံတော်မှ ပြန်လည် သိမ်းယူခဲ့သည့် မြေကိစ္စများ၊ လယ်ယာမြေကို ပေါင်နှံ လုပ်ကိုင်သည့် လယ်ပြန်ငွေပြန်ကိစ္စများနှင့် လယ်ယာမြေ စီမံခန့်ခွဲရေး အဖွဲ့ထံတင်ပြထားသည့် မြေယာ အငြင်းပွားသည့် အမှုများ ပါဝင်မည် မဟုတ်ကြောင်း သိရသည်။

Link: https://www.irrawaddy.com/news/burma/military-returns-land-seized-rakhine-state.html

# စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု

## ကောက်ပဲသီးနှံစိုက်ပျိုးသည့်လယ်သမားများအား ချေးငွေ တိုးပေးမည်

Myanmar Times, 23 October 2018

နိုင်ငံပိုင်မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးရေးဘဏ်(MADB) သည် ကောက်ပဲသီးနှံစိုက်ပျိုးသည့် လယ်သမားများအား သီးနှံထုတ် လုပ်မှုစရိတ် ကာမိစေရန်အတွက် တစ်ဧကလျှင် ကျပ် ၅ သောင်းမှ တစ်သိန်းကျပ် အထိ ချေးငွေ တိုးပေးသွားမည်ဖြစ် ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန( MOPF) က ယမန်နေ့က ပြောကြားခဲ့သည်။



MADB သည် လယ်သမားများအား ကူညီသည့်အနေဖြင့် ရိတ်သိမ်းရာသီအတွက် ကောက်ပဲသီးနှံအထွက်နှုန်းတိုးလာစေရန် ရည်ရွယ်၍ ဆန်၊ ပဲအမျိုးမျိုး၊ ချည် နှင့် ပြောင်းစသည်ကဲ့သို့ သီးနှံများအတွက် ချေးငွေ ပေးသည်။

၂၀၁၆ ခုနှစ်တွင် ဘဏ်သည် ဆန်စပါးစိုက်သည့် လယ်သမားများအတွက် တစ်ဧကလျှင် တစ်သိန်းကျပ်မှ ယမန်နှစ်ထိ တစ်ဧကလျှင် ၁ သိန်း ၅သောင်းကျပ်အထိ ချေးငွေပေးခဲ့သည်။ အခြားသော သီးနှံများအတွက် ချေးငွေမှာ တစ်ဧကလျှင် ၂ သောင်းကျပ်မှ ၅ သောင်းကျပ်အထိ တိုးပေးခဲ့သည်။

“ အစိုးရက ငွေရေးကြေးရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေဖို့နဲ့ လယ်သမားတွေနဲ့ စိုက်ပျိုးစီးပွားလုပ်ငန်းတွေကို ကူညီဖို့အတွက် ရေရှည်ရည်မှန်းချက်ရှိပါတယ်။ အခုအခါမှာ ကျွန်တော်တို့က စိုက်ပျိုးရေးကဏ္ဍမှာ အရင်ကထက်ပိုပြီး ငွေကြေးဆိုင်ရာ ပံ့ပိုးပေးနေပါတယ် " ဟု MOPF မှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခုလအစောပိုင်းတွင် စိုက်ပျိုးရေးကဏ္ဍနှင့် အသေးစား၊အလတ်စား လုပ်ငန်းများအတွက် ငွေကြေးပံ့ပိုးပေးခြင်းနှင့် ပတ်သက်ပြီး ပြောကြားရာ၌ မှတ်ချက်ပေးခဲ့ခြင်းဖြစ်သည်။

ဘဏ်၏အဆိုအရ ၂၀၁၅မှ ၂၀၁၆ အတွင်း လယ်သမားများအတွက် ချေးငွေ ကျပ် ၁.၆၀၀ ထရီလီယံ ထုတ်ပေးခဲ့သည်။ ယမန်နှစ်က ချေးငွေမှ ၁. ၇ ထရီလီယံရှိသောကြောင့် တိုးလာခြင်းဖြစ်သည်။

ယခုနှစ်တွင် ဘဏ်သည် လယ်သမား နှစ်သန်းကျော်ကို စုစုပေါင်းချေးငွေ ၁.၃ ထရီလီယံ ချေးပေးခဲ့သည်။ နိုင်ငံ၏ စိုက်ပျိုးရာသီရောက်သောအခါ ချေးငွေများ ထုတ်ပေးခဲ့သည်။

Link: https://www.mmtimes.com/news/loans-help-farmers-crops-be-increased.html

## MRTV နှင့် တိုင်းရင်းမီဒီယာ( ၄) ဖွဲ့ သတင်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် သဘောတူ

Myanmar Times, 22 October 2018

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) နှင့် တိုင်းရင်းမီဒီယာသတင်းဌာန ၄ ဖွဲ့တို့သည် သတင်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ကြရန် အောက်တိုဘာလ ၁၈ ရက်နေ့က နေပြည်တော် MRTV ရုံးတွင် သဘောတူ လက်မှတ် ရေးထိုးခဲ့ကြသည်ဟု သိရသည်။



MRTV နှင့် ပူးပေါင်းဆောင်ရွက်မည့်အဖွဲ့များမှာ Burma News International (BNI) အဖွဲ့ဝင်များဖြစ်ကြသည့် ခိုနူမ်းသုန်၊ သံလွင်တိုင်မ်း၊ Narinjara နှင့် kantarawaddy Time သတင်းဌာနတို့ဖြစ်ကြပြီး ပြည်နယ်လွှတ်တော် သတင်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ဆက်စပ်သောသတင်းများ၊ ဖွံ့ဖြိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးသတင်းများကို MRTV မှ ဝယ်ယူကာ MRTV Web Portal တွင် ထုတ်လွှင့်သွားမည်ဖြစ်သည်။

ခိုနူမ်းသုန်သတင်းဌာနမှ စီမံခန့်ခွဲမှု အယ်ဒီတာ ဦးဖီလစ်စိုးနိုင်က “ တိုင်းရင်းမီဒီယာတွေမှာ ကျွန်တော်တို့က ရပ်တည်ဖို့ခက်ခဲတယ်၊ ကျွန်တော်သတင်းတွေကို အမှန်တိုင်းပြောရင် Facebook မှာ ကိုယ့်ရဲ့ website မှာ ကိုယ့်ရဲ့ကိုယ်ပိုင် Facebook မှာ

ဘာအခကြေးငွေ တစ်ပြားမှ မရပဲနဲ့ ကျွန်တော်တို့က ဒီတိုင်းပဲတင်နေ ရတာ၊ ပုံနှိပ်ထုတ်ဝေနေရတာ၊ ဒါပေမယ့် ဒီသတင်းကို အခုက MRTV က ဝယ်တယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် အတိုင်းအ တာတစ်ခု ထိတော့ အခကြေးငွေရမယ် အကျိုးအမြတ်လေးတော့နည်းနည်းတော့ရမယ်ပေါ့'' ဟု ပြောသည်။

ယခုစီမံကိန်းကို ဂျာမန်အခြေစိုက် DW Academy အဖွဲ့အစည်းမှ အဓိကငွေကြေးကူညီပံ့ပိုးထားပြီး ယခုနှစ် အစောပိုင်းတုန်းက လည်း သတင်းဌာန (၉) ခုနှင့် MRTV တို့သည် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ခဲ့ကြပြီး ယခုအခါ MRTV နှင့် ပူးပေါင်းဆောင်ရွက်သည့် သတင်းဌာန (၁၃) ခုရှိလာတော့မည်ဖြစ်သည်။

Link: https://www.mmtimes.com/news/govt-readies-additional-supply-electricity-meet-demand.html

## လိုအပ်ချက်များအတွက် အစိုးရမှ လျှပ်စစ်မီး ထပ်ပေးမည်

Myanmar Times, 22 October 2018

နောင်လာမည့်နှစ်တွင် လျှပ်စစ်မီးတောင်းဆိုမှုများ ကိုက်ညီမှုရှိစေရန်အတွက် လုံလောက်သောလျှပ်စစ်မီးပေးနိုင်ရန် ပြင်ဆင်မှုများ စီစဉ်နေပြီဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအားဝန်ကြီးဌာန(MOEE)၏ အဆိုအရသိရသည်။

လျှပ်စစ်မီးသုံးစွဲမှုနှုန်း တိုးလာခြင်းသည် ပျမ်းမျှအားဖြင့် နှစ်စဉ် ၁၅ ရာခိုင်နှုန်းရှိသည်။ ယခုဘဏ္ဍာနှစ်တွင် တောင်းဆိုမှုများကြောင့် ၁၅ ရာခိုင်နှုန်းတိုးပေးမည်ဖြစ်သည်။ MOEE သည် ယခုနှစ်တွင် ၃၄၀၀ မီဂါဝပ်မှ ၃၇၀၀ မီဂါဝပ်အထိ တိုးပေးသွားရန် ရည်ရွယ်သည်။

MOEE ၏ ဒုတိယအမြဲတမ်းလျှပ်စစ်အတွင်းဝန်ဖြစ်သူ ဦးစိုးမြင့်က စီမံကိန်းတချို့သည် ငွေကြေးရရှိမှုအပေါ် မူတည်၍ နောင့်နှေးနိုင်ကြောင်းသတိပေးခဲ့သည်။ ဝန်ကြီးဌာနသည် နောင်လာမည့်နှစ်တွင် နိုင်ငံတကာအကူအညီများအပါအဝင် ငွေကျပ် ၅၇၈ ဘီလီယံ အကုန်အကျခံရန် မျှော်မှန်းထားသည်။

မြန်မာနိုင်ငံ၏ စွမ်းအင်အများစုကို ၎င်းတို့၏ ဓာတ်ငွေ့နှင့် ရေအားလျှပ်စစ်စက်ရုံများမှတဆင့် ရရှိသည်။ ရေအားလျှပ်စစ်စက်ရုံစီမံကိန်းများသည် ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။ ဘဏ္ဍာနှစ်အတွက် နောက်ထပ်စွမ်းအင်လိုအပ်မှုကို ဓါတ်ငွေ့လျှပ်စစ်ဓါတ်အားပေးစက်ရုံ ၃ ရုံမှ ပေးမည်ဖြစ်ကြောင်း lectric Power Generation ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးကင်မောင်ဝင်းက ပြောသည်။

Link: https://www.mmtimes.com/news/govt-readies-additional-supply-electricity-meet-demand.html

## GDJV ကုမ္ပဏီမှ ထားဝယ်ရှိ စီမံကိန်းအား မိတ်ဆက်

The Global New Light of Myanmar, 21 October 2018

Greenfield Dawei Japan Village-GDJV အဖွဲ့သည် ဂျပန်ရိုးရာ ယဉ်ကျေးမှုအခမ်းအနားနှင့်အတူ ၎င်းတို့၏ စီမံကိန်းမိတ်ဆက်ပွဲအခမ်းအနားကို ယမန်နေ့က ထားဝယ်ရှိ တော်ဝင်နန်းတော်ခန်းမတွင် ကျင်းပခဲ့သည်။




အခမ်းအနားအား ဂျပန်ရိုးရာစည်တော်နှင့်အတူ ဖွင့်လှစ်ခဲ့ပြီး တနင်္သာရီတိုင်းဝန်ကြီးချုပ်ဒေါ်လဲ့လဲ့မော်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

သူမမှ အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထားဝယ်အထူးစီးပွားရေးဇုန်အကြောင်း အလေးပေးပြောကြားခဲ့သည်။

ထိုစီမံကိန်းကို ပွင့်လင်းရာသီမှာ စတင်မှာဖြစ်ပြီး ထီးခီးလမ်းပြင်ဖို့ အစီအစဉ်တွေလည်း စတင်နေပါပြီ ၊ ရလဒ်အနေနဲ့ကတော့ ဒေသကြီး မကြာခင်တိုးတက်လာပါတော့မယ် ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

GDJV (Greenfield Dawei Japan Village) သည် ဂျပန်ကုမ္ပဏီအဖွဲ့ဖြစ်ပြီး အဆောက်အဦးဆောက်လုပ်ရေးနည်းစနစ် အများအပြားပါဝင်ပြီး Greenfield Economy Geopolitical Research Institute မှ အဖွဲ့အား ဦးဆောင်ပေးသည်။

မြန်မာ၊ ထိုင်းနှင့် ဂျပန်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထားဝယ်အထူးစီးပွားရေးစက်မှုဇုန်သည် အရှေ့တောင်အာရှဒေသတွင် အဓိက အထူးစီးပွားရေးဇုန်တစ်ခုဖြစ်သည်။

Link: http://www.globalnewlightofmyanmar.com/gdjv-companies-group-introduces-project-in-dawei/

## ဘတ်ဂျက်အသစ်များကို ကရင်လူထုအား ပွင့်လင်းမြင်သာမှုရှိစေရန် ချပြမည်

Myanmar Times, 17 October 2018

ကရင်ပြည်နယ်အတွက် ဒေသဆိုင်ရာဘတ်ဂျက်အား ဒေသခွဲအစိုးရ၏ ကြိုးပမ်းအားထုတ်မှုတစ်ရပ်အနေဖြင့် အာရှဖောင်ဒေးရှင်း၏အကူအညီနှင့်အတူ ပြည်သူများအား ကရင်ပြည်နယ်ဘက်ဂျက် ပွင့်လင်းမြင်သာမှုအစည်းအဝေးတွင် ပြည်သူများအားချပြရန် ကြေညာခဲ့သည်။

ဘားအံမြို့တွင် အောက်တိုဘာ ၁၁ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ပြီး NGOs များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့်အခြားသောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

TAF နိုင်ငံသားဆိုင်ရာဘတ်ဂျက်အစီရင်ခံစာကို အရေးပါသောဘတ်ဂျက်အချက်အလက်များဖြင့် တင်ပြထားပြီး စာသားများကို အလွယ်တကူနားလည်စေရန်နှင့် ထင်သာမြင်သာရှိစေရန်ပြုလုပ်ထားသည်။ ဥပမာ စာတမ်းတွင် ကရင်ပြည်နယ်အစိုးရ၏မိုက်ခရိုစီးပွားစွမ်းဆောင်မှု ၊ ဝင်ငွေနှင့် အသုံးစရိတ် အံဝင်ခွင်ကျဖြစ်မဖြစ်နှင့် အခွန်များအား မည်သည့်နေရာတွင် အသုံးချသည်ဆိုသည့် အချက်အလက်များပေးခြင်း စသည်ဖြင့် အားလုံး ရှင်းလင်းထားသည်။

နှစ် ၅၀ ကြာ အာဏာရှင်စနစ်အတွင်း အစိုးရနှင့် ၎င်း၏နိုင်ငံသားများသည် ဝေးကွာနေခဲ့ကြောင်း TAF မှ ဦးဇော်မင်းထွဋ်က ပြောခဲ့သည်။

ဤအလုပ်ရုံဆွေးနွေးပွဲသည် ဘဏ္ဍာရေးကိစ္စများနှင့်စပ်လျဉ်း၍ ပြည်သူများ အသိပညာရရှိရန် ကြိုးပမ်းအားထုတ်သည့်အနေဖြင့် အာရှဖောင်ဒေးရှင်းမှ ပေးသည့် တတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်ခြေလှမ်းဖြစ်သည်။

ယနေ့တွင် ပြည်နယ်များသည် ၎င်းတို့၏ဘတ်ဂျက်ကို စီမံရာတွင် လွတ်လပ်စွာစီမံခွင့်ရှိသည်။ သို့သော်လည်း လွန်ခဲ့သော ခြောက်လက ကရင်ပြည်နယ်၏ဝင်ငွေ ဖြေရာခိုင်နှုန်းသည် ဒေသကြီးတွင် ကျန်ရှိနေဆဲဖြစ်သည်။

ကရင်ပြည်နယ်သည် မြဝတီနှင့်မဲဆောက်နယ်စပ်အတွင်း ကုန်သွယ်မှတ်ကဲ့သို့ဖြစ်နေပြီး ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်ခဲ့ပြီး ပြည်ထောင်စုအစိုးရသည် ဒေသသို့ ငွေကြေးရန်ပုံငွေ ပိုမိုခွဲဝေချပေးသင့်သည်ဟု အများက ထင်ကြသည်။

စက်မှုလုပ်ငန်းအားလုံးအပြင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ပြည်နယ်မှ ခွဲဝေချထားပေးမှုအများဆုံးရှိသည်။ အဘယ်ကြောင့်ဆိုသော် ကရင်လူမျိုးများသည် လမ်းပန်းအခြေအနေဝေးလံသောနေရာတွင်ရှိသောကြောင့် လစ်လျူရှုမှုများခံနေရသည်။ နှစ်ပေါင်းများစွာ တိုက်ပွဲများဖြစ်ပွားမှု၊ ရေကြီးခြင်းနှင့် ငွေကြေးရန်ပုံငွေပြတ်လပ်ခြင်းများသည် ပြည်နယ်၏တိုးတက်မှုကို အဟန့်အတားများဖြစ်စေခဲ့သည်။

နောင်အနာဂတ်တွင် ရန်ပုံငွေလုံလောက်စွာရရှိပါက ပြည်သူများသည် ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်ရန်အတွက် ငွေကြေးအား ခရီးသွားလုပ်ငန်းများတွင် မြှုပ်နှံစေချင်ကြသည်။ သို့သော် ယခုတွင် ပြည်နယ်သည် လိုအပ်သောအခြေခံအဆောက်အဦးများတည်ဆောက်ရန်အတွက် ကျန်နေသေးရစ်သည်။

ထို့ပြင် ကေအဲန်ယူအဖွဲ့အစည်းမှ ကောက်သည့် အခွန်အခများကိုလည်းဆောင်ရသေးသည်။

နိုင်ငံတော်အဆင့်တွင် ဘတ်ဂျက်နှင့်စာရင်းစစ်ခြင်းသည် အနုစိတ်သော ဗျူရိုကရက်တစ်လုပ်ငန်းစဉ်မှတဆင့်သွားခြင်းဖြစ်သည်။

Link: https://www.mmtimes.com/news/kayin-reaches-out-citizens-new-budget.html

## ဧရာဝတီတိုင်းတွင် ကမ်းခြေအသစ်များဖွင့်လှစ်နိုင်ရန် စူးစမ်းလေ့လာမှုများ ပြုလုပ်နေ

Eleven Myanmar, 10 October 2018

ဧရာဝတီတိုင်းတွင် ခရီးသွားလာရေးလုပ်ငန်း တိုးမြှင့်စေရန် ရည်ရွယ်၍ အစိုးရသည် အသုံးမပြုရသေးဘဲ ကျန်ရှိနေသေးသည့် ကမ်းခြေများကို ယခုအခါ စူးစမ်းလေ့လာမှုများပြုလုပ်နေပြီဖြစ်သည်။

လက်ရှိတွင် ဂေါ်ရင်ဂျီကျွန်းနှင့် ရွှေသောင်ယံကမ်းခြေတို့ကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဦးစွာ ဦးစားပေးဆောင်ရွက်လျှက်ရှိသည်။



"အရင်တုန်းကတော့ လာရောက်လည်ပတ်တဲ့သူတွေက ရွှေသောင်ယံမြို့နယ်ကို လေ့နဲ့သွားကြတယ်။ အဲ့အချိန်တုန်းက စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်က ရွှေသောင်ယံမှာ ဟိုတယ်တစ်ခုဆောက်ထားခဲ့ပြီး ရွှေသောင်ယံလို့ပဲ အမည်ပေးထားတယ်။ အခုနောက်ပိုင်းမှတော့ တံတားဆောက်တာ ပြီးခါနီးနေပြီ။ ဒီရက်တွေထဲမှာ ဒေသဆိုင်ရာဝန်ကြီးက တံတားကိုလာကြည့်ပြီး ကမ်းခြေပတ်လည်မှာ ပတ်ဝန်းကျင်သပ်သပ်ရပ်ရပ်ရှိမရှိ လာရောက်စစ်ဆေးမှုတွေပြုလုပ်ခဲ့တယ်။ ကွန်ကရစ်လောင်းတံတားပေါ်မှာ ကတ္တရာလမ်း ခင်းနေပါတယ်။ ဒီလမ်းပြီးသွားရင် ချောင်းသာက ခရီးသွားတွေအနေနဲ့ ရွှေသောင်ယံကမ်းခြေကို အလွယ်တကူလာလို့ရပါပြီ။ စီးပွားလုပ်ငန်းတွေကိုလည်း အဲ့ဒီက အိမ်ခြံမြေတွေမှာ ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ပါတယ်။ ဒီရွှေသောင်ယံကမ်းခြေက မကြာခင်မှာ ချောင်းသာကမ်းခြေထက်ကို နာမည်ပိုကျော်ကြားသွားမှာပါ " ဟု ဧရာဝတီတိုင်း ဟိုတယ်နှင့် ခရီးသွားလာရေးဌာန ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ ဦးဇော်လင်းထွန်းက ပြောခဲ့သည်။

"အဓိကကတော့ ကျွန်တော်တို့ လျှပ်စစ်မီး လိုအပ်တာပေါ့။ လောလောဆယ်တော့ ချောင်းသာနဲ့ ငွေဆောင်ကမ်းခြေတွေက မီးအပြည့်အဝ မရသေးဘူး။ သို့ပေမယ့်လည်း ငွေဆောင်ကမ်းခြေမှာ မီးပေးဖို့ စတင်ဆောင်ရွက်နေပါပြီ။ ဒီလိုမီးပေးခြင်းအားဖြင့် ကမ်းခြေနှစ်ခုစလုံးက ဆက်နေတာကြောင့် ချောင်းသာနဲ့ငွေဆောင်ဟာ မီးအပြည့်အဝ ရရှိမှာဖြစ်ပါတယ်။ ငရုတ်ကောင်းမြို့နယ်မှာတော့ ပင်မဓာတ်အားလိုင်းမရှိတာကြောင့် မီးမရှိပါဘူး။ အခုအခါမှာတော့ ဒေသကြီးအစိုးရကော်မတီက သွားရေးလာရေးလွယ်ကူစေရန် အတွက်ဆောင်ရွက်ပေးဖို့ စီစဉ်နေပါတယ်။ ကတ္တရာလမ်းပြီးသွားရင်တော့ လျှပ်စစ်မီးလည်းရရှိလာမှာပါ။ အားလုံးတိုးတက်အောင်လုပ်ဖို့က မလွယ်ကူဘူး " ဟု ဇော်လင်းထွန်းက ပြောခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး၌ ကမ်းခြေများတွင် ခရီးသွားလုပ်ငန်းလိုအပ်မှုများနှင့်အညီ ကိုက်ညီမှုရှိစေရန် ရည်ရွယ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဌာနခေါင်းဆောင်များ၊ ဝန်ကြီးများနှင့်အတူ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်မှုရှိစေရန် စီစဉ်ဆောင်ရွက်နေပါသည်။

Link: http://www.elevenmyanmar.com/tourism/15414

**<u>မွန်ပြည်နယ်တွင် ဆားလုပ်ငန်းအတွက် လိုင်စင်ထုတ်ပေးမည်</u>**

Myanmar Times, 5 October 2018

မွန်ပြည်နယ်အစိုးရသည် ဆားလုပ်ငန်းဌာနမှတဆင့် ဆားလုပ်ငန်းလိုင်စင်ချထားပေးတော့မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

ယနေ့ဌာနတွင် ပြုလုပ်မည့်အစည်းအဝေး၌ လိုင်စင်ထုတ်ပေးမည့်နေ့ရက်ကို ဆုံးဖြတ်မည်ဖြစ်ကြောင်း ဌာနမှ ဦးခင်စိုးက ပြောခဲ့သည်။

"လျှောက်ထားမယ့်သူတွေက သူတို့ရဲ့ မြေပိုင်ဆိုင်မှုလက်မှတ်ပုံစံ□၇□နဲ့ □၁၅□ကို ယူဆောင်လာပြရပါမယ်။ ဆားကြီးကြပ်စစ်ဆေးတဲ့အဖွဲ့နဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံစာလည်းလိုပါတယ် " ဟု ၎င်းက ပြောသည်။

အောက်တိုဘာလအတွင်း လိုင်စင်အတွက်လာရောက်လျှောက်ထားသူ ၁၈၇ ဦးရှိသည်။ လျှောက်ထားရမည့်ကာလမှ ဇူလိုင် ၁၅ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိဖြစ်ပြီး နောက်ကျမှလာရောက်လျှောက်ထားသူများသည် ဒဏ်ငွေတစ်ရက်လျှင် ၃၀၀ကျပ် ပေးဆောင်ရမည်ဖြစ်သည်။

ဆားဈေးနှုန်းကျဆင်းနေခြင်းနှင့် ထိုင်းနှင့်တရုတ်နိုင်ငံများမှ ယှဉ်ပြိုင်မှုများလည်းရှိနေခြင်းသည် ဆားလုပ်ငန်းအတွက် ကြီးမားသော အခက်အခဲဖြစ်စေခဲ့သည်ဟု ၎င်းက ပြောခဲ့သည်။ ဌာန၏အဆိုအရ ပြည်နယ်တွင် ဧက ၃၀၀၀ ကျော်လွှမ်းခြုံထားသည့် ဆားလုပ်ငန်း ၇၆ ခုရှိသည်။ ဆား ၂၃၉၈၅ တံ့ကို မွန်ပြည်နယ်တွင် ယမန်နှစ်က ထုတ်လုပ်နိုင်ခဲ့သည်၊ ထိုထဲမှ တစ်ဝက်ကို ဌာနမှ ပြည်ပသို့ တင်ပို့ခဲ့သည်။

Link: https://www.mmtimes.com/news/mon-state-set-issue-licences-salt-farming.html

## လူမှုပင်စင်ထုတ်ပေးရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန်အတွက် ကျောက်ကြီးမြို့နယ်ရှိ သက်ကြီးရွယ်အိုများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနေ

Eleven Myanmar, 8 October 2018

မွန်၊ တောင်ငူနှင့် ပဲခူးတိုင်း ကျောက်ကြီးတွင်နေထိုင်ကြသော သက်ကြီးရွယ်အိုများအား လူမှုပင်စင်ထုတ်ပေးရာတွင် လွယ်ကူအဆင်ပြေစေရန်အတွက် ကျောက်ကြီးမြို့နယ်ရှိ လွှတ်တော်အမတ်များနှင့် လဝကမှတာဝန်ရှိသူများသည် အောက်တိုဘာ ၆ ရက်နေ့တွင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

"အစိုးရက အရင်က အသက် ၉၀ ရှိတဲ့ နိုင်ငံသားတွေကို လူမှုရေးပင်စင်တွေ ထုတ်ပေးပါတယ်။ ဒါပေမယ့် အခုအခါမှာတော့ အသက် ၈၅ နှစ်ကနေ စပြီး ပေးနေပါပြီ။ ဒါ့အပြင် မှတ်ပုံတင်ကတ်ပျက်စီးသွားတဲ့ သက်ကြီးရွယ်အိုတွေလည်းရှိပါတယ်။ ဒါကြောင့် သက်ကြီးရွယ်အိုတွေကို လူမှုရေးပင်စင်လွယ်လွယ်ကူကူထုတ်ပေးနိုင်ဖို့အတွက် သက်ကြီးတွေအိမ်ကို တစ်အိမ်တက်ဆင်း ကျွန်တော်တို့ သွားရောက်လည်ပတ်ကြည့်ရှုခဲ့ကြပြီး မှတ်ပုံတင်ကတ်ပြားအသစ်ထုတ်ပေးခဲ့ပါတယ်။ သူတို့ သက်ရှိထင်ရှားရှိနေတုန်း လူမှုပင်စင်အခွင့်အရေးရရှိစေဖို့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ အိမ်တိုင်ရာရောက် မှတ်ပုံတင်ကတ်ပြားတွေ ထုတ်ပေးနေခြင်းဖြစ်ပါတယ်" ဟု ကျောက်ကြီး မြို့နယ် လဝကမှ အရာရှိဖြစ်သူ ညီဇော်ထက်က ပြောခဲ့သည်။

သက်ကြီးရွယ်အိုများကို မှတ်ပုံတင်ကတ်ပြတ်ထုတ်ပေးခြင်းအပြင် မွန်ပြည်နယ်အခြေခံ ပညာအထက်တန်းကျောင်းမှ ကျောင်းသား ၁၇၆ ဦးကိုလည်း မှတ်ပုံတင်များ ပြုလုပ်ပေးခဲ့သည်။ အစိုးရသည် သက်ကြီးရွယ်အိုများအား ပိုမိုကောင်းမွန်သည့်ပံ့ပိုးမှုများပေးနိုင်ရန်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ အရပ်ဖက်အဖွဲ့အစည်းများနှင့်အတူ ထိရောက်သော ထိနည်းဗျူဟာများကို ရေးဆွဲလျှက်ရှိသည်။

လူမှုပင်စင်သည် သက်ကြီးရွယ်အိုများအတွက် အစိုးရမှ ပထမဆုံးကမကထပြုသည့် လစဉ် ပေးသော ငွေကြေးထောက်ပံ့ကြေးဖြစ်ပြီး ၂၀၁၄ ခုနှစ် ပြည်နယ်အဆင့်သက်ကြီးရွယ်အို ကာကွယ်ရေးဆိုင်ရာမဟာဗျူဟာ၏ တစိတ်တပိုင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၅- ၂၀၁၆ ခန့်မှန်းခြေအရ သက်ကြီးရွယ်အို ၄.၇၅ သန်းရှိပြီး နိုင်ငံ၏လူဦးရေ ၅၁ သန်းတွင် ၉.၀၆ ရာခိုင်နှုန်းရှိသည်။

Link: http://www.elevenmyanmar.com/local/15396

## ရှမ်းပြည်တောင်ပိုင်းသည် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေ

Myanmar Business Today, 10 October 2018

ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်၏ အဆင့် ၂၊ အဆင့် ၃ အဖြစ် ဆောင်ရွက်နေသော ရှမ်းပြည်နယ်တောင်ပိုင်း ကလောရှိ ဘောနင်း-သရက်ပုလမ်းပိုင်းဖွင့်ပွဲကို ဂျာမနီ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။




အဆိုပါလမ်းမှာ ဂျာမနီနိုင်ငံ ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက် ရေးအေဂျင်စီက kfw မှတစ်ဆင့် ဘဏ္ဍာငွေထောက်ပံ့ ဆောင် ရွက်သော ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအမံ၏ တစ် စိတ်တစ်ပိုင်းဖြစ်ပါသည်။

ဂျာမနီနိုင်ငံမှာ ကျေးလက်ဒေသရှိလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အပံ့ပေးသည့် ပထမဆုံးသော မိတ်ဖက်နိုင်ငံဖြစ်ပါသည်။

လက်ရှိတွင် ဂျာမနီနိုင်ငံသည် အဆိုပါ အစီအမံအတွက် ယူရိုငွေ ၂၉ သန်း ထောက်ပံ့မည်ဟု ကတိပြုထားပြီး ၂၀၁၅ ခုနှစ်က ရေကြီးမှုဖြစ်ပွားပြီးနောက်တွင် ကျေးလက်ဒေသရှိ လမ်း၊ တံတားများ မွမ်းမံအဆင့်မြှင့်တင်ရေးအတွက် နောက်ထပ်ယူရို ဆယ်သန်း ထပ်မံထောက်ပံ့မည်ဟု ပြောဆိုထားသည်။

အဆိုပါ အစီအမံကို kfw မှ တစ်ဆင့် German Financial Coorperation ၏ မူဘောင်အတွင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသလမ်းတံတားဦးစီးဌာနက အကောင်အထည်ဖော်ထားခြင်းဖြစ်သည်။

ယင်းစီမံကိန်းတွင် လူပေါင်း ငါးသောင်းခန့်ကိုအကျိုးရှိစေမည့် ကျေးလက်ဒေသလမ်း အလျား ၁၆၀ ကီလိုမီတာကျော် ဖောက်လုပ်ခြင်း၊ မွမ်းမံခြင်းများ ပါဝင်သည်။

ထို့အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ လမ်းတည်ဆောက်မှု စီမံကိန်းများ အောင်မြင်စွာကိုင်တွယ်လုပ်ဆောင်နိုင်ရန် လမ်းထိန်းသိမ်းရေး၊ အစီအစဉ်ရေးဆွဲရေး၊ လိုအပ်သည့် ပစ္စည်းများ ဝယ်ယူရေး၊ ကြီးကြပ်ရေးတို့အတွက် လေ့ကျင့်ထားသည်။

Link: https://www.mmbiztoday.com/articles/paving-way-further-development-southern-shan-state

## နိုင်ငံအနှံ့အပြားရှိ အမြင်အာရုံချို့ယွင်းနေသူများကို ကူညီပေးမည့် ၅ နှစ်တာ စီမံကိန်း

The Global New Light of Myanmar, 14 October 2018

ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် နိုင်ငံအနှံ့အပြားရှိ မျက်စိကွယ်နေသောသူများနှင့် အမြင်အာရုံချို့ယွင်းနေသူများကို ကူညီပေးရန်အတွက် ၂၀၁၇ မှ ၂၀၂၁ ခုနှစ်အထိ ၅ နှစ်တာ စီမံကိန်းကို လက်ရှိတွင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးနိုင်ငံလင်းက ရန်ကုန်မျက်စိဆေးရုံကြီး၏ အမျိုးသားစက္ကူအလင်းဘဏ်တွင် ပြုလုပ်သည့် ကမ္ဘာ့အမြင်အာရုံနေ့ အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။




"အမျိုးသားစီမံကိန်းကို အမြင်အာရုံ ချို့ယွင်းနေတဲ့သူတွေကို ၂၀၁၇ ကနေ ၂၀၂၁ ခုနှစ်အတွင်း လိုအပ်တဲ့စောင့်ရှောက်မှုတွေ ပေးဖို့ ရည်ရွယ်ပါတယ်၊ ပစ်မှတ်ထားတဲ့သူတွေအတွက် အတူတကွလက်တွဲလုပ်ဆောင်သွားမှာပါ" ဟု ဦးနိုင်ငံလင်းက ပြောကြားခဲ့သည်။ အတွင်းတိမ်၊ ရေတိမ်၊ အမြင်အာရုံ ချို့ယွင်းခြင်း၊ ထိခိုက်ခြင်း၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါကြောင့် မျက်စိကူးရောဂါများဖြစ်ခြင်းစသည်တို့သည် မြန်မာနိုင်ငံတွင် အဖြစ်များသည့် ရောဂါများဖြစ်ကြောင်း ၎င်းက ပြောခဲ့သည်။ မျက်စိရောဂါ၏ ၆၀ ရာခိုင်နှုန်းမှာ အတွင်းတိမ်ကြောင့် ဖြစ်ခြင်းဖြစ်သည်။ ထို့ကြောင့် အမြင်အာရုံဆုံးရှုံးမှုကို ကာကွယ်ရန် အတွင်းတိမ်အတွက် ထိရောက်သောစောင့်ရှောက်ကုသမှုများ ပေးခြင်းဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံတွင် မျက်စိအထူးကု ၃၅၀ ခန့်ရှိပြီး မျက်စိစောင့်ရှောက်မှုများ ပေးနေသည်။ မျက်စိလူနာနှင့် ဆရာဝန်အချိုးမှ လူနာ ၁၅၀၀၀၀ လျှင်ဆရာဝန်တစ်ဦးဖြစ်သည်။ စာသင်ကျောင်းများ၊ မျက်စိရောဂါဖြစ်ပွားနေသည့် ကျေးလက်နေ လူအများအား ကွင်းဆင်းကြည့်ရှု ကုသပေးခြင်းနှင့် မျက်စိရောဂါကာကွယ်ရေးသင်တန်းများ ပေးခြင်းအပါအဝင် မျက်စိရောဂါအခြေခံကာကွယ်စောင့်ရှောက်မှုပေးရာတွင် တနိုင်ငံလုံးအနှံ့ လွှမ်းခြုံအောင်မြင်မှုရှိစေရန်အတွက် တာဝန်ရှိသူများမှ နှစ်တိုင်းဆက်လက်ကြိုးပမ်းအားထုတ်ဆောင်ရွက်လျှက်ရှိကြောင်း ၎င်းကပြောခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ရန်ကုန်မျက်စိဆေးရုံကြီးသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စေတနာရှင်များနှင့်အတူ ပူးပေါင်း၍ လိုအပ်သောသူများအား မျက်စိစောင့်ရှောက်ကာကွယ်မှုပေးရန်အတွက် ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်ပေးမှုများပြုလုပ်နေသည်။ ယမန်နှစ် ကွင်းဆင်းဆောင်ရွက်မှုများတွင် မျက်စိအထူးကုများသည် ခနေဖြူ၊ လပွတ္တာ၊ ကြို့ပင်ကောက်၊ မိုးညိုနှင့် စစ်ဝေးမြို့များရှိ လူများသို့ အခမဲ့ ခွဲစိတ်ပေးခြင်းနှင့် ဆေးဝါး အခမဲ့ ကုသပေးခြင်းများ ပြုလုပ်ပေးခဲ့သည်။ ဒေသခံလူနာများကို ပိုမိုကောင်းမွန်သည့် မျက်စိစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် ဆေးရုံကြီးသည် ဂျပန်၊ စင်ကာပူ၊ ဩစတေးလျ၊ ယူအက်စ်နှင့် နယ်သာလန်နိုင်ငံများမှ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည်။

Link: http://www.globalnewlightofmyanmar.com/five-year-project-targets-persons-with-vision-impairment-nationwide/

## မွန်ပြည်နယ်တွင် အမျိုးသမီးများ၏အခွင့်အရေးအတွက် အရေးယူဆောင်ရွက်မှုအစီအစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရန်လိုအပ်

The Irrawaddy, 15 October 2018

မွန်ပြည်နယ်၊ မော်လမြိုင်- မွန်ပြည်နယ်ရှိ အမျိုးသမီးများသည် ၎င်းတို့၏အခွင့်အရေးများကို တောင်းဆိုလိုက်ကြပြီး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှု၌ ၎င်းတို့၏စိုးရိမ်ပူပန်မှုများကို အရေးတယူပြုဆောင်ရွက်စေလိုကြောင်း ပအို့တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်စန်းဝင့်ခိုင်က ပြောကြားခဲ့သည်။



ဒေသခံအမျိုးသမီးအခွင့်အရေးအဖွဲ့များ၏အဆိုအရ မွန်ပြည်နယ်၌ အသက် ၁၆ နှစ် နှင့်အောက် မတရားပြုကျင့်ခံရမှုအရေအတွက် တိုးလာကြောင်းတွေ့ရသည်။ အဓမ္မပြုကျင့်ခံရပါက အမှုကို တရားရုံးသို့သွားရောက်တိုင်ကြားခြင်းမရှိသောကြောင့် အဓမ္မကျင့်သူများသည် အပြစ်ပေးခံရမှုမရှိကြပေ။ အမှုအများပြားတွင် တရားရုံးသို့ တိုင်ကြားရမည့်အစား ညှိနှိုင်းပေးခြင်း၊ လျော်ကြေးပေးခြင်းများဖြင့်သာ အမှုကို ဖြေရှင်းနေကြကြောင်း လူ့အခွင့်အရေးလှုပ်ရှားသူများက ပြောပြခဲ့သည်။

ယမန်နှစ်က ဆွေးနွေးမှုပြုလုပ်စဉ်အတွင်း အမျိုးသမီးများသည် ရပ်ရွာအဆင့်တွင် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး အသိပညာ ပေးအစီအစဉ်များနှင့် သင်တန်းများပေးရန် တောင်းဆိုခဲ့ကြကြောင်း ဝန်ကြီးဒေါ်စန်းဝင့်ခိုင်က ပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် စီးပွားရေးဆိုင်ရာစိန်ခေါ်မှု အခက်အခဲကိစ္စရပ်များ၊ ကျား/ မအတွင်း ( နေ့စား) ၌ တန်းတူညီတူရရှိရေးအာမခံချက်များနှင့် အလုပ်နေရာတွင် အမျိုးသမီးများ ဘေးကင်းလုံခြုံရေးအတွက် ခိုင်မာသည့် ဥပဒေပြဌာန်းပေးရေး စသည်တို့ကို တောင်းဆိုခဲ့ကြောင်း သိရသည်။

ပညာရေးတွင် တက္ကသိုလ်ဝင်ရောက်မှု၌ အမျိုးသား၊ အမျိုးသမီး ဝင်ခွင့်အမှတ်များ ခွဲခြားထားခြင်းကို ရုတ်သိမ်းပေးရန် တောင်းဆိုခဲ့ကြပြီး မိဘမဲ့များ၊ အိမ်ခြေယာမဲ့များနှင့် ရပ်တည်နိုင်စွမ်းနည်းပါးသည့်သူများအတွက် သင်တန်းစင်တာများ ဖွင့်လှစ်ပေးရန် တောင်းဆိုခဲ့ကြသည်။

ကျေးရွာအုပ်ချုပ်ရေး၌ အမျိုးသမီးခေါင်းဆောင်ပါဝင်မှုကို ၃၀ ရာခိုင်နှုန်း ထည့်ပေးရန်လည်း တောင်းဆိုခဲ့သည်။

ပြည်နယ်ရှိ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုများတွင် အမျိုးသမီးများဖော်ပြထားသည့် ၎င်းတို့၏လိုအပ်ချက်များနှင့် ဦးစားပေးများကို ပြည်ထောင်စုအစိုးရထံသို့ ယခုနှစ်တွင် တင်ပြခဲ့ပြီးဖြစ်ကာ အတည်ပြုချက်ကို စောင့်ဆိုင်းနေကြောင်း သူမကပြောသည်။ ငယ်ရွယ်သောမိန်းကလေးများသည် မိသားစုအား ပံ့ပိုးရန်အတွက် အိမ်နီးချင်းနိုင်ငံများတွင် အလုပ်လုပ်ရန် ကျောင်းမှထွက်ဖို့ ဖိအားပေးခံခဲ့ကြရပြီး လူကုန်ကူးမှုများ၊ ဖိအားပေးထိမ်းမြားခံရခြင်းနှင့် သက်ငယ်ကိုယ်ဝန်ဆောင်ခြင်းများနှင့် ဆက်စပ်နိုင်ကြောင်း သူမက ပြောခဲ့သည်။

အရေးယူဆောင်ရွက်မှုအစီအစဉ်ကို မူကြမ်းရေးဆွဲပြီးပါက ပြည်နယ်တွင် အမျိုးသမီးများ နေ့စဉ်ရင်ဆိုင်နေရသည့် ကျား/မ ခွဲခြားဆက်ဆံခံရမှုနှင့် အကြမ်းဖက်ခံရမှုများကို ဖြေရှင်းနိုင်မည်ဟု သူမ မျှော်လင့်ထားကြောင်း မွန်အမျိုးသမီးများကွန်ရက်မှ မချယ်ရီစိုးက ပြောခဲ့သည်။

Link: [https://www.irrawaddy.com/news/burma/action-plan-womens-rights-needs-implemented-mon-state.html](https://www.irrawaddy.com/news/burma/action-plan-womens-rights-needs-implemented-mon-state.html)

## ဖွံ့ဖြိုးရေးအစီအစဉ်များကြောင့် ၁၃ မြို့ နယ်ကျော် အကျိုးခံစားရမည့်

Myanmar Times, 16 October 2018

မြန်မာအစိုးရနှင့် ကမ္ဘာ့ဘဏ်သည် မြို့နယ် ၁၃ မြို့နယ်ရှိ ဖွံ့ဖြိုးရေးစီမံကိန်းများကို ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေးစီမံကိန်းမှ အပိုရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ကျေးလက်ဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ပြောသည်။

“အပိုရန်ပုံငွေတွေ ရှိပါတယ်။ ဒါကြောင့် မြို့နယ် ၁၃ မြို့နယ်အထိ စီမံကိန်းတိုးချဲ့ဆောင်ရွက်ဖို့ ကျွန်တော်တို့ စီစဉ်နေပါတယ်” ဟု မကြာသေးမီက ကျင်းပသည့် ရပ်ရွာအခြေပြုဖွံ့ဖြိုးရေးအစည်းအဝေးအတွင်း ၎င်းက ပြောကြားခဲ့သည်။ ၂၀၁၃ ခုနှစ်မှစ၍ မြို့နယ် ၆၃ မြို့နယ်ရှိ ကျေးရွာ ၁၂,၀၀၀ ရွာသည် ထိုစီမံကိန်းကြောင့် အကျိုးကျေးဇူးများ ခံစားခဲ့သည်။

“ရလဒ်အနေနဲ့ကတော့ အိမ်ထောင်စု ၇.၁ သန်းက စီမံကိန်းရဲ့ အသီးအပွင့်တွေကို ခံစားခဲ့ရပါတယ် ” ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်သူက ပြောကြားခဲ့သည်။

ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေးစီမံကိန်းသည် ကျေးရွာများ၌ အခြေခံအဆောက်အဦးများ တည်ဆောက်ပေးခြင်းနှင့် ပြန်လည်ပြင်ဆင်ပေးခြင်းများ ပြုလုပ်ပေးသည်။ စီမံကိန်းမှတဆင့် မိုင် ၈၀၀၀ ကျော်ရှည်လျားသည့် လမ်းမကြီးနှင့် ကျောင်းအဆောက်အအုံ ၃၄၀၀

ကျော်ကို တည်ဆောက်ပေးခဲ့ပြီး သောက်သုံးရေစနစ် ၃၂၀၀ ကျော်ကို တပ်ဆင်ပေးခဲ့သည်။ ကျေးရွာ ၁၄၀၀ ကျော်သည် လျှပ်စစ်မီး ရရှိခဲ့သည်။ စီမံကိန်းသည် တိုင်းရင်းသားလူနည်းစုများရှိရာ နေရာကို ပစ်မှတ်ထားဆောင်ရွက်သည်။

"ရွာမှာလိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို ကျွန်တော်တို့ ရရှိခဲ့ပါတယ်။ ဒေသခံအသိုင်းအဝိုင်းကလည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ် " ဟု သူက ပြောခဲ့သည်။

စီမံကိန်းအကောင်အထည်ဖော်နေသည့် ၆၃ မြို့နယ်၌ ၂၀ မြို့နယ်သည် ပဋိပက္ခဖြစ်ပွားရာ ဒေသများဖြစ်ကြသည်။

"သူတို့ရဲ့လုံခြုံရေးကို ကျွန်တော်တို့ သေချာလုပ်ပေးပါတယ်။ ဒေသက အဖွဲ့အစည်းရဲ့ ခွင့်ပြုချက်ရယူပြီးမှ ဝင်တာပါ။ ရွာသားတွေက သူတို့ကို လုပ်ပေးစေချင်တယ်ဆိုရင်တော့ ကျွန်တော်တို့ စီမံကိန်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာပါ " ဟု ဦးခန့်ဇော်က ပြောခဲ့သည်။

လူထုစစ်တမ်းကောက်ယူရာတွင် ရွာသားများ၏ ၉၅ ရာခိုင်နှုန်းမှာ စီမံကိန်းအတွက် ဝမ်းမြောက်ကြကြောင်း သိရသည်။

ရပ်ရွာအခြေပြုစီမံကိန်းသည် အီတလီမှ ချေးငွေ ယူအက်စ်ဒေါ်လာ ၂၂ သန်းနှင့် မြန်မာအစိုးရထံမှ ယူအက်ဒ်ဒေါ်လာ သန်း ၃၀ ၊ဘဏ်အကူအညီဖြင့် ယူအက်စ်ဒေါ်လာ သန်း ၈၀၊ ကမ္ဘာ့ဘဏ်မှ ချေးငွေ ယူအက်စ်ဒေါ်လာ သန်း ၄၀၀ အပါအဝင် ငွေကြေး ယူက်စ်ဒေါ်လာသန်း ၅၃၂ သန်းရှိသည်။

Link: https://www.mmtimes.com/news/thirteen-more-townships-benefit-development-programme.html

# တရားဥပဒေနှင့် အုပ်ချုပ်မှု

## ချင်းပြည်နယ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲပေးနိုင်သူ ( ၃) သောင်းကျော်ရှိ

Khonumthung News, 9 October 2018

ချင်းပြည်နယ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် မတူပီနှင့် ကန်ပက်လက်မြို့နယ်တွင် မဲပေးနိုင်သူ □၃၀၀၅၅□ ဦးရေရှိသည်ဟု ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

အောက်တိုဘာလ □၁□ ရက်နေ့ကစ၍ သက်ဆိုင်ရာ မြို့ နယ်များတွင် မဲစာရင်းများကို အများပြည်သူကြည့်ရှု နိုင်ရန် ကပ်ထားပြီးဖြစ်ကြောင်း မတူပီမြို့နယ်တွင် မဲပေး နိုင်သူ ( ၁၇၆၀၄) ဦး နှင့် ကန်ပက်လက်တွင် □၁၂၄၅၁□ ဦးရေရှိသည်ဟု ချင်းပြည်နယ် ရွေးကောက်ပွဲ ကော်မရှင် အတွင်းရေးမှူး ဦးလင်းကျော်ကပြောသည်။




"လျှို့ဝှက်စွာမဲပေးနိုင်ဖို့ရည်ရွယ်ပြီးတော့လုပ်တယ် ပြီးတော့ မဲပေးပိုင်ခွင့်ရှိတဲ့သူတွေ မဲပေးခွင့် မဆုံးရှုံးအောင် အဲဒါလေးတွေ မဲစာရင်းလာကြည့်တဲ့အခါမှာ ရွေးကောက်ပွဲနေ့မှာ မဲရုံအဖွဲ့တွေရော၊ ရပ်ကျေးတွေကရော လျှို့ဝှက်မဲပေးနိုင်ဖို့ရယ် မဲပေးပိုင်ခွင့်ရှိတဲ့လူ မဲပေးဖို့မဆုံးရှုံးဖို့ ဒါတွေကိုလည်းလုပ်သွားမယ်၊ လွတ်လပ်မျှတပြီး မဲပေးခွင့်ရရှိဖို့ ရပ်ကျေးကော်မရှင်၊ မဲရုံအဖွဲ့တွေက အဓိက ကြီးကြပ်ပြီး ပံ့ပိုးပေးသွားမယ်" ဟု ဦးလင်းကျော်က ပြောသည်။

ကန်ပက်လက်နှင့် မတူပီမြို့နယ်ရှိ ရပ်ကျေးရွေးကောက်ပွဲကော်မရှင်များကို ပြီးခဲ့သည့် စက်တင်ဘာလ □၂၇□ ရက်နေ့ကစ၍ ရွေးကောက်ပွဲကော်မရှင်မှ သင်တန်းများပြုလုပ်ပေးကာ ၎င်းတို့မှတဆင့် မဲဆန္ဒရှင်ပြည်သူတွေဆီသို့ အသိပညာပေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဦးလင်းကျော်ကပြောသည်။

ထို့အပြင် ရွေးကောက်ပွဲတွင် မသန်စွမ်းသူများ မဲပေးနိုင်ရန်အတွက် မသန်စွမ်းအမျိုးအစား □၄□ မျိုးထဲမှ အမျိုးအစားပေါ်မူတည်ပြီး မဲရုံပြင်ဆင်ပေးမည်ဖြစ်ကြောင်း ပြည်ထောင်စုမှ မဲရုံတစ်ရုံအတွက် ကျပ်သုံးသောင်းခွင့်ပြုထားသည်ဟု သိရသည်။

ကန်ပက်လက်မြို့ ကြားဖြတ်ရွေးကောက်ပွဲတွင် ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ(CNDP)၊ ချင်းတိုးတက်ရေးပါတီ (CPP)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး

မတူပီမြို့ ကြားဖြတ်ရွေးကောက်ပွဲတွင် ချင်းဒီမိုကရေစီအဖွဲ့ချုပ် (CLD) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

Link: https://www.bnionline.net/en/news/chin-state-has-over-30000-eligible-voters-election

## အခြား

### KNPP နှင့် စစ်တပ်အကြား တိုက်ပွဲဖြစ်ပွား

Kantarawaddy Times, 22 October 2018



အောက်တိုဘာလ ၂၀ ရက်နေ့ မနက်ပိုင်းတွင် ဖားဆောင်းမြို့နယ်၊ နန်းကစ်ကျေးရွာဘက်တွင် KNPP နှင့် စစ်တပ်အကြား တိုက် ပွဲဖြစ်နေကြောင်း သိရသည်။

" ကျွန်တော်တို့လည်း အဲ့မှာ ကျွန်တော်တို့လူ ရှိတယ်လေ၊ သူတို့လည်း သူတို့အလုပ်ကို သူတို့လုပ်မယ်ပေါ့။ လုပ်ချင်တာလုပ်မယ်ဆိုတာက သူတို့အလုပ်က အဲ့မှာဂိတ်ရှိတယ်၊ ဂိတ်ရှိရက်နဲ့ သူတို့ကို ခွင့်မတောင်းဘဲနဲ့ ဂိတ်ကိုပတ်ပြီး ကျော်သွားတယ်ပြော တယ်လေ၊ သူတို့သတင်းမပို့ရင် ခုနပြောသလိုမျိုး သူတို့တာဝန်နဲ့သူတို့ရှိတယ်၊ သူတို့ အလုပ်ကို သူတို့လုပ်ကြမှာပဲလေ" ဟု လွိုင် ကော်မြို့ ကေအဲန်ပီပီဆက်ဆံရေးရုံး တာဝန်ခံ ဦးဒေးရယ်က ကန္တာရဝတီတိုင်းမ်သို့ ပြောသည်။

အောက်တိုဘာ ၁၉ ရက်နေ့တွင် ဖားဆောင်းမြို့နယ် ၊ ကေအဲန်ပီပီထိန်းချုပ်နယ်မြေအတွင်းသို့ စစ်တပ်ဖက်မှ ခွင့်မတောင်းဘဲ ကျော်တက်သွားကြောင်း အမည်မဖော်လိုသူ ဒေသခံတစ်ဦးက ကန္တာရဝတီတိုင်းမ်သို့ ပြောသည်။

"KNPPထိန်းချုပ်နယ်မြေထဲကို ခွင့်မတောင်းဘဲ စစ်တပ် ဖက်က (အောက်တိုဘာ ၁၉ ရက်နေ့) ကအင်အား၂၀ ဝန်းကျင်က နန်းကစ်ဂိတ်ကို ပတ်ပြီး ကျော်တက် သွားသည်။ (အောက်တိုဘာလ ၂၀ ရက်နေ့) လည်း အင်အားထပ်ဖြည့်ပြီးလှုပ်ရှားနေတယ်။ ဖားဆောင်းမြို့ မန်တလဲ ဖက်သွားမယ်ပြောတယ်၊ အင်အားဘယ်လောက်သွားမယ်တော့ သေချာမသိရပါ။ စစ်တပ်အနေနဲ့ငြိမ်းချမ်းရေးဆိုပြီး ပါးစပ်ကပြောပြီး ခုလိုငြိမ်းချမ်းရေးကို ထိခိုက်စေတဲ့ အပြုအမူမျိုး မလုပ်သင့်ပါ" ဟု ၎င်းကပြောသည်။

ပြည်ထောင်စုအဆင့်တွင် နှစ်ဖက်မှ အလုပ်သဘောအရ သွားလာလျှင်သော်လည်းကောင်း၊ အလွတ်သဘောအရ သွားလာလျှင်သော်လည်းကောင်း အကြောင်းကြားကြရန် သဘောတူညီချက်များ ထားရှိထားသော်လည်း စစ်တပ်ဘက်မှယခုလို အကြောင်းမကြားဘဲ သွားလာနေသည်မှာ မကြာခဏဖြစ်ပေါ်နေကြောင်း ဦးဒေးရယ်က ဆက်ပြောသည်။

လက်ရှိတွင် ကေအဲန်ပီပီဘက်မှ တစ်နိုင်ငံလုံး အပစ်ရပ်လက်မှတ် NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းနေချိန်တွင် နှစ်ဖက်ယုံကြည်မှုသည် အဓိကဖြစ်ကြောင်းနှင့် စစ်တပ်ဘက်မှ ယခုလိုမကြာခဏ လုပ်ဆောင်နေလျှင် ၎င်းတို့ဘက်မှ ယုံကြည်ရန်ခက်ခဲသွားမည်ဖြစ်ကြောင်း ဦးဒေးရယ်ကဆက်ပြောသည်။

"ယုံကြည်မှုကို ပျက်ပြားအောင် ဘယ်သူလုပ်လဲ၊ ဘယ်ကစလဲဆိုတဲ့ဟာက ကျွန်တော်တို့ အခုလက်ရှိအခြေအနေအရဆို သိနေတာပဲလေ။ ဆိုတော့ ယုံကြည်မှုတည်ဆောက်နေချိန်မှာ အဲ့လိုမလုပ်ဖို့ အပြန်အလှန်လေးစားဖို့ လိုတယ်ပေါ့" ဟု ဦးဒေးရယ်က ပြောပါသည်။

Link: https://www.bnionline.net/en/news/skirmish-breaks-out-between-knpp-tatmadaw

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.

UNHCR
The UN Refugee Agency